Washington State Department of Social & Health Services
Transforming lives

STATE OF WASHINGTON
DEPARTMENT OF SOCIAL AND HEALTH SERVICES
DIVISION OF CHILD SUPPORT (DCS)

# အကူအညီမရှိသော ထောက်ပံ့ရေး လိုက်နာစေခြင်းဆိုင်ရာ သတင်းအချက်အလက်များ

**Nonassistance Support Enforcement Information**

(အခန်းများ 26.18, 26.23, 34.05, 74.20 နှင 74.20A RCW)

**ဤပုံစံကို သိမ်းထားပါ။ သင်၏ကလေးစရိတ်ထောက်ပံ့ရေးကိစ္စနှင့်ပတ်သက်သော အရေးကြီးသည့် ဥပဒေဆိုင်ရာ သတင်းအချက်အလက်များပါသည်။**

**သင်၏ ထောက်ပံ့ရေးအမိန့်စာ နှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များ**

သင်၏ ထောက်ပံ့ရေးအမိန့်စာနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်နှစ်ဦးမှာ အုပ်ထိန်းသူမဟုတ်သောမိဘနှင့် အုပ်ထိန်းသူမိဘ သို့မဟုတ် အတူနေအုပ်ထိန်းခွင့်ရသော စောင့်ရှောက်သူ တို့ဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်ခွင့်မရသောမိဘသည် အထောက်အပံ့ ပေးရမည့်သူဖြစ်သည်။ အုပ်ထိန်းသူမဟုတ်သောမိဘ သို့မဟုတ် အတူနေအုပ်ထိန်းခွင့်ရသော စောင့်ရှောက်သူသည် ပုံမှန်အားဖြင့် ကလေး နှင့်အတူနေထိုင်သူ ဖြစ်သည်။ အုပ်ထိန်းသူမဟုတ်သောမိဘနှင့် အုပ်ထိန်းသူမိဘ (များ) နှစ်ဦးစလုံးသည် ကလေးအတွက် ကျန်းမာရေးအာမခံထားရာ၌ အကျုံးဝင်မှုငွေမဘာဏ နှင့် / သို့မဟုတ် ဆေးကသမှုဆိုင်ရာထောက်ပံ့မှုကို ပံ့ပိုးပေးရန် လိုအပ်နိုင်သည်။

- ဆေးကုသမှုဆိုင်ရာအာမခံမရှိပါက သင့်အမိန့်စာ၏ လိုအပ်ချက်ဖြစ်ပါက အာမခံမထားသော ဆေးကုသမှုဆိုင်ရာ ကုန်ကျစရိတ်များနှင့် ဆေးကုသမှုဆိုင်ရာ အာမခံကြေးဝေစု (ငွေသားပေးငွေ)တို့ ဆေးကုသမှုဆိုင်ရာ ငွေကြေးထောက်ပံ့မှုတွင် ပါဝင်သည်။

**ကလေးသူငယ်ထောက်ပံ့ရေးဌာန**

ကလေးသူငယ်ထောက်ပံ့ရေးဌာန(DCS) ၏ရုံးများ ပြည်နယ်တစ်ခွင်၌တည်ရှိသည်။ DCS သည် ကလေးသူငယ်ထောကပံ့ရေးအမှုများကို စီမံခန့်ခွဲ၊ လိုက်နာစေသည်။ သင်၏ ထောက်ပံ့ရေးအမိန့်စာကို DCS မှ လိုက်နာစေလိုလျှင် သင့်အမိန့်နှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များအနက်မှတစ်ဦးက ထောက်ပံ့ရေးလိုက်နာစေခြင်းဆိုင်ရာ ဝန်ဆောင်မှုအတွက် စာဖြင့်ရေး၍ တောင်းဆိုရမည်။

အကယ်၍ သင်၏ထောက်ပံ့ရေးအမိန့်စာအရ ဝါရှင်တန်ပြည်နယ် ထောက်ပံ့ရေး မှတ်ပုံတင်ရုံး(နောက်ကဏ္ဍတွင်ကြည့်ပါ) မှတဆင့် ငွေပေးချေရန်လိုအပ်ပြီး DCS မှ ဝန်ဆောင်မှုအတွက် တောင်းဆိုချက်ကို လက်ခံမရရှိပါက၊ DCS သည် သင့်အတွက် ပေးငွေဝန်ဆောင်မှုများသာ(PSO)ကို ဖွင့်ပေးမည်ဖြစ်သည်။ DCS သည် ပေးငွေအတွက် လုပ်ငန်းစဉ်နှင့် PSO အမှုများအတွက် မှတ်တမ်းများထိန်းသိမ်းခြင်းကိုသာ ဆောင်ရွက်ပေးသည်။

**ဝါရှင်တန်ပြည်နယ် ထောက်ပံ့ရေးမှတ်ပုံတင်ရုံး**

ဝါရှင်တန်ပြည်နယ် ထောက်ပံ့ရေးမှတ်ပုံတင်ရုံး(WSSR) သည် DCS ၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မှတ်တမ်းများကိုထိန်းသိမ်းခြင်းနှင့် ထောက်ပံ့ရေးပေးငွေများ ဖြန့်ဝေပေးခြင်းတို့ကို ပြုလုပ်သည်။ အောက်ပါအချက်များထဲမှ တစ်စုံတစ်ရာဖြစ်ပွားပါက DCS သည် သင်၏အထောက်အပံ့ပေးမှုအမိန့်ကို WSSR သို့ စာရင်းသွင်းမည်ဖြစ်သည်။

1. ထောက်ပံ့ရေးလိုက်နာစေခြင်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် သင်၏ထောက်ပံ့ရေးအမိန့်စာနှင သက်ဆိုင်သောပုဂ္ဂိုလ်တစ်ဦးဦးမှ DCS သို့တောင်းခံခြင်း၊
2. သင့်ထောက်ပံ့ရေးအမိန့်စာအရ အုပ်ထိန်းသူမဟုတ်သောမိဘကို WSSR မှတဆင့် ထောက်ပံ့မှုပေးစေခြင်း၊

**သင်ပြုလုပ်ရမည့်အရာများ**

သင်သည် ထောက်ပံ့ရေးလိုက်နာစေခြင်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် DCS ကို တောင်းဆိုသည်နှင်တပြိုင်နက် အောက်ပါတို့ကို သင်ပြုလုပ်ရမည်။

1. အုပ်ထိန်းသူမဟုတ်သောမိဘထံမှ တိုက်ရိုက်လက်ခံရယူထားသော ပေးငွေများအားလုံးကို DCS သို့ပို့ပါ။ သင်၏အမှုကို ဆောင်ရွကရန်အတွက် ပေးငွေများအားလုံးကို DCS ၌ မှတ်တမ်းတင်ထားရမည်။ သင်သည် DCS ဝန်ဆောင်မှုများကို မတောင်းဆိုမီ ထောက်ပံ့ကြေးပေးငွေများကို လက်ခံထားပါက၊ ထိုပေးငွေများစာရင်းကို DCS သို့ကြေငြာရမည်။ အုပ်ထိန်းသူမဟုတ်သောမိဘထံမှ တိုက်ရိုက် လက်ခံရယူထားသော DCS ပေးငွေများကို ပေးပသောအခါ DCS သည် ငွေပမာဏကို သင်၏ DCS ဒက်ဘစ်ကဒ်(debit card) သို့ထည့်ပေးမည် သို့မဟုတ် သင်၏ တိုက်ရိုက် ဘဏ်အပ်ငွေစာရင်းသို့ အပ်နှံပေးမည်။
2. သင့်နေရပ်လိပ်စာ သို့မဟုတ် တယ်လီဖုန်းနံပါတ် ပြောင်းလျှင် DCS ကိုပြောပါ။ သင့်အမှုနှင့်ပတ်သက၍ DCS က သင့်ကိုဆက်သွယ်ရန် ဤသတင်းအချက်အလက် လိုအပ်သည်။ ဥပဒေဆိုင်ရာနို့တစ်စာများကို ပထမတန်းစာပို့စနစ်ဖြင့် DCS ကပို့ပေးပါမည်။
3. သင်သည် အုပ်ထိန်းသူမဟုတ်သောမိဘနှင့် ပြန်လည်ပေါင်းစည်းလျှင်ဖြစ်စေ ကလေး များ အခြားနေရာသို့ သွားရောက်နေထိုင်လျှင်ဖြစ်စေ DCS သို့ ချက်ချင်းအကြောင်းကြားပါ။ ထပ်မံလိုအပ်သော သတင်းအချက်အလက်များအတွက် သင့်ကိုတောင်းဆိုသည့်အခါ DCS ကို သင်ပေးရမည်။
4. အကယ်၍ သင်သည် သင့်ထောက်ပံ့ငွေက ရယူရန် အကျိုးဆောင် ကိယ်စားလှယ်ရှေ့နေ သို့မဟုတ် ပုဂ္ဂလိကအေဂျင်စီကို ငှားရမ်းလျှင် DCS ကိုပြောပါ။ အကျိုးဆောင် ကိယ်စားလှယ်ရှေ့နေ သို့မဟုတ် ပုဂ္ဂလိကအေဂျငစီ၏ အမည်နှင့် နေရပ်လိပ်စာကို DCS ကိုပေးရမည်။ အကျိုးဆောင် ကိုယ်စားလှယ်ရှေနေ သို့မဟုတ် ပုဂ္ဂလိကအေဂျင်စီက မည့်သည့်အရာများအတွက် အလုပ်လုပ်ပါမည့်အကြောင်း DCS သို့ပြောရမည်။
    a. အကျိုးဆောင် ကိုယ်စားလှယ်ရှေ့နေ သို့မဟုတ် ပုဂ္ဂလိကအေဂျင်စီက သင့်ထောက်ပံ့ငွေကို ရယူရန် ကြိုးစားနေစဉ်အတွင်း DCS သည် သင့်ထောက်ပံ့ငွေကို ရယူပေးရန် စွမ်းဆောင်နိုင်မည်မဟုတ်ပါ။
    b. အကယ်၍ သင်သည် သင၏ထောက်ပံ့ရေးအမိန့်စာကို ပြင်ဆင်ရန် အကျိုးဆောင်ကိုယ်စားလှယ်ရှေ့နေ ငှားရမ်းပါက သင် သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေသည် အုပ်ထိန်းသူ မဟုတ်သောမိဘနှင့် DCS တိ့ကို နို့တစ်စာပေးရမည်။
5. သင့်အမှုအတွက်ရရှိသော ထောက်ပံ့ရေးအမိန့်စာ အားလုံး၏ မိတ္တူများကို DCS ကိုပေးပါ သမဟုတ် မိတ္တူများရရန် DCS ကို ကူညီပါ။

**အကူအညီမရှိသော ထောက်ပံ့ရေး လိုက်နာစေခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ လက်ခံရရှိရေးအတွက် လိုအပ်ချက်များ**

အကယ်၍ ထောက်ပံ့ရေး လိုက်နာစေခြင်းဆိုင်ရာ ဝန်ဆောင်မှုများပေးရန် သင်တောင်းနေသောကလေး အပေါ် တရားဝင် အုပ်ထိန်းခွင့်မရလျှင် သင်သည် တရားဝင်အုပ်ထိန်းသူထံမှ ကလေးကို မှားယွင်းစွာ ထိန်းသိမ်းထားခြင်း မဟုတ်ကြောင်းကို ကြေညာရမည်။

အကူအညီ လိုအပ်သောမိသားစုများအတွက် ယာယီအကူအညီ(TANF)၊ လူမျိုးစုနှင့်ဆိုင်သော TAN F၊ သို့မဟုတ် မည်သည့်ကလေး(များ) မဆိုအတွက် မွေးစားသောကလေးများရှိသည့် မိသားစုများသို့ပေးသော အကူအညီ(ဗီဃ)တို့ကို သင်သည် **မည်သည့်အခါမျှ မရဘူးခဲ့လျှင်** ထောက်ပံ့စရိတ်အတွက် ဒေါ်လာ 550 ကို DCS ကပေးပို့ခြင်းအတွက် ဝန်ဆောင်ကြေး ဒေါ်လာ 35 ကို ပြည်ထောင်စု ဘဏ္ဍာရေးနှစ်တိုင်းတွင် DCS မှကောက်ခံပါမည်။ ဘဏ္ဍာရေးနှစ်သည နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ စက်တင်ဘာလ ၃၀ ရက်နေ့တွင်အဆုံးသတ်သည်။ DCS ကသင့်ထံသို့ပေးပို့သော ပထမဆုံး ဒေါ်လာ 550 ကို ပို့ပေးအပြီး ထောက်ပံ့ကြေးကောက်ခံငွေများထဲမှ ဤအခကြေးငွေအဖြစ် ဒေါ်လာ 35 ကို သင့်ထံမှရယူမည်။ အကယ်၍ သင့်ကလေးတွင် ကွဲပြားသော ဖခင်များရှိ၍ သင့်တွင် အမှုတစ်ခုထက်ပို၍ရှိပါက သင့်ကို နှစ်စဉ်ကြေးငွေ တစ်ခုထက်ပို၍ကောက်ခံရန် သတ်မှတ်နိုင်သည်။ အကယ်၍ သင်သည် TANF၊ လူမျိုးစုနှင့်ဆိုင်သော TANF၊ သို့မဟုတ် ဗီဃ ကို အခြားပြည်နယ်မှလက်ခံရရှိလျှင် အခြားပြည်နယ်၏ ပြည်သူလူထုကူညီရေး အေဂျင်စီမှ ကြေညာချက်၊ သို့မဟုတ် သင့်အကူအညီမှတ်တမ်း၏ မိတ္တူမှန် ကဲသို့ အထောက်အထားကို DCS သို့ပြရမည်။ ကျွန်ုပ်တို့ အထောက်အထားကိုရသည်အထိ DCS က အခကြေးငွေကို ကောက်ခံလိမ့်မည်။ အကယ်၍ သင့်မိသားစုအနေနှင့် ဒေါ်လာ 35 အခကြေးအား ပေးချေရန်အတွက် အခက်အခဲရှိလျှင် သင့်အနေနှင့် ကွန်ဖရင ဘုတ်အဖွဲ့ထံသ တောင်းဆိုခြင်းအားဖြင့် ကင်းလွတ်ခွင့်တစ်ခုအား DCS ထံမှ တောင်းဆိုကောင်း တောင်းဆိုနိုင်ပေမည်။

**ထောက်ပံ့ရေး လိုက်နာဆောင်ရွက်စေခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ**

အကယ်၍ သင်၏ ထောက်ပံ့ရေးအမိန့်စာတွင် ထောက်ပံ့ကြေးငွေပမာဏ သတ်မှတ်ထားလျှင် ထိုငွေပမာဏကို ရယူပေးရန် DCS က ကြိုးစားမည်။ သင်၏အမိန့်စာတွင်ပါရှိသည့်အတိုင်း တိုးလာသောအတိုးများကို DCS က တွက်ချက် ရယူပေးလေ့မရှိပါ။ အချို့အမှုများတွင် DCS သည် ထောက်ပံရေးရယူခြင်းများတိုင်မီ ထောက်ပံ့ရေးအမိန့်စာနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်နှစ်ဦးစလုံးထံသို့ နို့တစ်စာ ပေးပို့ရမည်။

အကယ်၍ သင့်တွင် ထောက်ပံ့ရေးအမိန့်စာ မရှိလျှင် သို့မဟုတ် သင်၏ ထောက်ပံ့ရေးအမိန့်စာတွင် ကလေးစရိတ်နှင့် ဆေးကုသရေးအထောက်အပံ့တို့ကို ဖော်ပြထားခြင်းမရှိလျှင် DCS သည် ထောက်ပံ့ရေးအမိန့်စာ နှင့် သက်ဆိုင်သော ပုဂ္ဂိုလ်နှစ်ဦးစလုံးထံသို့ နို့တစ်စာ ပေးပို့မည်။

1. ဤနို့တစစာတွင် DCS သည် လိုအပ်သည့်အတိုင်း ကလေးစရိတ် နှင့် ဆေးကုသရေးစရိတ် ငွေပမာဏကို သတ်မှတ်မည်။ DCS သည် သက်ဆိုင်ရာ ပုဂ္ဂိုလ်နှစ်ဦးစလုံး၏ ဝင်ငွေနှင့် ပါဝင်ပတ်သက်သော ကလေးအရေအတွက်ပေါ်အခြေခံ၍ ကလေးထောက်ပံ့မှုငွေပမာဏကိုသတ်မှတ်သည်။

2. ကျန်းမာရေးအာမခံထားရာ၌ အကျုံးဝင်မှုငွေပမာဏသည် မိဘ၏ အခြေခံ ထောက်ပံ့မှုတာဝန်၏ ၂၅ ရာခိုင်နှုန်းထက်မပိုသော ကုန်ကျစရိတ် ဖြစ်ပြီး ၎င်းကို မိဘ၏အလုပ်ရှင် သို့မဟုတ် အလုပ်သမားသမဂ္ဂမှ ရယူနိုင်သောအခါတွင် တာဝန်ရှိသောမိဘ တစ်ဦးစီက ထို ငွေမမာဏကို ထောက်ပံ့ရန် သင့်အမိန့်က သတ်မှတ်ရမည်။

3. ဆေးကုသမှုဆိုင်ရာအာမခံကို တာဝန်ရမိဘကထောကပံ့မှုမရှိလျှင် သင် သို့မဟုတ် ပြည်နယ်မှ အကုန်ကျခံခဲ့သော အာမခံကြေးအတွက် ဆေးကုသမှုဆိုင်ရာ ထောက်ပံ့မှုတာဝန်ကို အမိန့်တွင် ထည့်သွင်းနိုင်သည်။

အကယ်၍ သင်၏ထောက်ပံ့ရေးအမိန့်စာသည် ထောက်ပံ့ကြေးငွေပမာဏကို သတ်မှတ်ထားခြင်း မရှိသော်လည်း ငွေပမာဏကို တိုင်းတာရန် ဖော်မြူလာကို ဖော်ပြထားပါက DCS သည် ထောက်ပံ့ရေးအမိန့်စာ နှင့် သက်ဆိုင်သောပုဂ္ဂိုလ်နှစ်ဦးလုံးသို့ ***ပေးရန်ရှိသောထောက်ပံ့ကြေး နို့တစ်စာ*** ကို ပေးပို့မည်။

1. ဤနို့တစ်စာတွင် DCS သည် ထောက်ပံ့ကြေးငွေပမာဏကို သတ်မှတ်မည်။ ထောက်ပံ့ရေးအမိန့်စာနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် DCS ကသတ်မှတ်သော ကလေးထောက်ပံ့ကြေး ငွေပမာဏကို ငြင်းဆိုရန် ကြားနာစစ်ဆေးခြင်းကို တောင်းဆိုနိုင်သည်။

2. ထောက်ပံ့ရေးအမိန့်စာနှင့် သက်ဆိုင်သောပုဂ္ဂိုလ်နှစ်ဦးလုံးက ထောက်ပံ့ကြေးငွေပမာဏအပေါ် သဘောတူညီသည်အထိ DCS ကကြိုးပမ်းပေးနိုင်သည်။

ထောက်ပံ့ကြေးငွေပမာဏကို သတ်မတ်ပြီးသည်နှင့် တပြိုင်နက် DCS က အုပ်ထိန်းသမဟုတ်သောမိဘ၏ အလုပ်ရှင်ကိုသိလျှင် DCS သည် အလုပ်ရှင်သို့ ***ထောက်ပံ့ရေးအတွက် ဝင်ငွေထိန်ချုန်ခြင်း*** နို့တစ်စာကို ပေးပို့မည်။ ဤနို့တစ်စာတွင် အလုပ်ရှင်က အုပ်ထိန်းသူမဟုတ်သောမိဘ၏ဝင်ငွေ သို့မဟုတ် လစာမှ ထောက်ပံ့ကြေးငွေကို ထိန်ခုန်ထားရန် လိုအပ်သည်။ DCS က အုပ်ထိန်းသူမိဘမဟုတ်သူ၏ အလုပ်ရှင်ကို မသိလျှင် DCS သည် လစာသို့မဟုတ် ဝင်ငွေ၏ အရင်းအမြစ်ကို ရှာဖွေပြီး သင်၏ထောက်ပံ့ကြေးငွေကို ရယူရန် ကြိုးစားမည်။

အကယ်၍ သင်၏ ထောက်ပံ့ရေးအမိန့်စာတွင် ကလေးအတွက် ဆေးကုသရေးစရိတ်အတွက် ထောက်ပံ့မှုကို ထည့်သွင်းဖော်ပြမထားပါက ၎င်းထောက်ပံ့ရေးအတွက် လိုက်နာစေရန် DCS က ကြိုးပမ်းပေးမည်။ DCS ၏လုပ်ရှားမှုများသည် သင်၏ ထောက်ပံ့ရေးအမိန့်စာ၏ ထောက်ပံ့မှုများအပေါ်မူတည်သည်။

1. သင်၏ ထောက်ပံ့ရေးအမိန့်စာတွင် အုပ်ထိန်းသူမဟုတ်သောမိဘကို ကျန်းမာရေးအာမခံထားရာ၌ အကျုံးဝင်မှုငွေပမာဏကို ထောက်ပရန်၊ အာမခံမရှိသော ဆေးကုသရေးစရိတ်၏ အချိုးကျဝေစု၊ လခထဲမှဖြတ်တောက်နိုင်သောအခွန်အခများနှင့် စပ်တူပေးငွေများကိုပေးရန်၊ သို့မဟုတ် အပိုပေးရသော ဒေါ်လာပမာဏ ကိုပေးရန် သတ်မှတ်သောအခါ အုပ်ထိန်းသူ မဟုတ်သောမိဘတွင် ကျန်းမာရေးအာမခံ အကျုံးဝင်မှုငွေမရှိသည့်အခါတွင်၊ DCS သည် ဤသို့သော ဆေးကုသရေးစရိတ်လိုအပ်ချက်များ မည်သည်ကိုမဆို ရရန်ဆောင်ရွက်ပေးမည်။

2. သင်၏ ထောက်ပံ့ရေးအမိန့်စာတွင် သင့်ကလေးအတွက် ကျန်းမာရေးအာမခံကို ထောက်ပံ့ရန် အုပ်ထိန်းသူမဟုတ်သောမိဘကို သတ်မှတ်မထားပါက DCS သည် သင်၏ အမိန့်စာကို ပြန်လည်ပြင်ဆင်ရန် ကြိုးစားလျှောက်ထားနိုင်သည်။

3. သင်၏ ထောက်ပံ့ရေးအမိန့်စာတွင် သင်ကို ကျန်းမာရေးအာမခံထားရာ၌ အကျုံးဝင်မှုငွေပမာဏကို ထောက်ပံ့ရန်၊ အာမခံ မထားသော ဆေးကုသရေးစရိတ်၏ အချိုးကျဝေစု၊ စပ်တူပေးငွေများ နှင့် လခထဲမှဖြတ်တောက်နိုင်သော အခွန်အခများကိုပေးရန်၊ သို့မဟုတ် သင်က ကျန်းမာရေးအာမခံထားရာ၌ အကျုံးဝင်မှုငွေပမာဏကို မပေးသည့်အခါ အခြားမိဘ၏ ကျန်းမာရေးအာမခံကြေးငွေ ဝေစုကို ပေးပေးရန် သတ်မှတ်ပြီး အုပ်ထိန်းသူမဟုတ်သောမိဘက ထောက်ပံ့ရေး လိုက်နာစေခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို လျှောက်ထားလျှင် DCS သည် ထိုလိုအပ်ချက်များကို ရယူပေးနိုင်သည်။

သင့်တွင် ကလေးအတွက် ကျန်းမာရေး အာမခံထားရာ၌ အကျုံးဝင်မှုငွေပမာဏ ရှိပါက သင်သည် DCS ကို အထောက်အထားပြသင့်သည်။ သင်၏အထောက်အထားအဖြစ် အတူပါရှိသော ***အုပ်ထိန်းသူမိဘ၏ ကျန်းမာရေးအာမခံ သတင်းအချက်အလက်*** ပုံစံကို ဖြည့်သွင်း၍ ပြန်ပေးနိုင်သည်။

သင့်တွင် ကျန်းမာရေး အာမခံထားရာ၌ အကျုံးဝင်မှုငွေပမာဏရှိပြီး DCS ကို သင့်ထောက်ပံ့ရေးအမိန့်စာ၏ ဆေးကုသရေးစရိတလိုအပ်ချက်များကို လိုက်နာဆောင်ရွက်စေခြင်း မပြုလိုပါက အာမခံထားရာ၌ အကျုံးဝင်ငွေပမာဏအတွက် အထောက်အထားကို DCS သို့ ပေးရမည်။ ထို့နောက် ဆေးကုသမှုစရိတ်ထောက်ပံရေးကို ရယူရန် သင်အလိုမရကြောင်း DCS သို့ စာဖြင့် ရေးသား၍ အကြောင်းကြားရမည။

အကယ်၍ မိခင်နှင့် ဖခင်သည် လက်ထပ်ခဲ့ခြင်းမရှိဘဲ –

1. မိခင်နှင့်ဖခင် တစ်ဦးဦး သို့မဟုတ် နှစ်ဦးလုံးသည် ***ဖခင်ဖြစ်ကြောင်း အသိအမှတ်ပြုစာ*** တွင် လက်မှတ်ရေးထိုးခဲ့ခြင်းမရှိလျှင်၊ ပြည်နယ် သို့မဟုတ် လူမျိုးစုတရားရုံးက တရားဝင်ဖခင်အဖြစ် သတ်မှတ်ပေးရမည်။ DCS သည် သင်၏အမှုကို ကြားနာဆောင်ရွက်ရန် တရားလိုရှေ့နေ၊ လူမျိုးစုတရားရုံး သို့မဟုတ် တရားသူကြီးချုပ်ရုံးသို့ တင်ပြမည်။
2. နှစ်ဦးလုံးသည် ***ဖခင်ဖြစ်ကြောင်း အသိအမှတ်ပြုစာ*** တွင် လက်မှတ်ရေးထိုးထားလျှင်၊ တရားရုံးမှဆောင်ရွက်ပေးရနမလိုဘဲ DCS မှ ထောက်ပံ့ရေးအမိန့်စာကို ထုတပြန်မည်။

အကယ်၍ သင့်ထောက်ပံ့ရေး အမိန့်စာနှင ပတ်သက်သော အခြားပုဂ္ဂိုလ်က DCS ကို တာဝန်ယူဆောင်ရွက်ပေးရန် တောင်းဆိုပါက DCS သည် သင်မလိုအပ်သည့်တိုင် ပြည့်ဝသော ထောက်ပံ့ရေး လိုက်နာစေရေးဆိုင်ရာ ဝန်ဆောင်မှုများကို ပေးသွားမည်ဖြစ်သည်။

ထောက်ပံ့ရေးအမိန့်စာ နှင့် သက်ဆိုင်သော ပုဂ္ဂိုလ်နှစ်ဦးလုံး ဝါရှင်တန်ပြည်နယ်တွင မနေထိုင်သော်လည်း အောက်ပါနှစ်ချက်လုံးနှင့် ကိုက်ညီလျှင် DCS သည် ထောက်ပံ့ရေး လိုက်နာစေရေးဆိုင်ရာ ဝန်ဆောင်မှုများကို ထောက်ပံ့ပေးမည်။

1. သင်၏ ထောက်ပံ့ရေးအမိန့်စာ နှင့် သက်ဆိုငသော ပုဂ္ဂိုလ်တစ်ဦးမျှ အခြားပြည်နယ်မှ ထောကပံ့ရေး တာဝန်ယူဆောင်ရွက်မှု ဝန်ဆောင်မှုများကိ လက်ခံရရှိမှု မရှိခြင်း။
2. အုပ်ထိန်းသူမဟုတ်သောမိဘသည် ဝါရှင်တန်ပြည်နယ်နှင့် အဆက်အသွယ်ရှိခြင်း။ အဆက်အသွယ်ဟုဆိုရာတွင် ဝါရှင်တန်တွင် စီးပွားရေးလုပ်နေသော လုပငန်းရှင်ထံမှ လစာရရခြင်း၊ ဝါရှင်တန်တွင် ပိုင်ဆိုင်မှုပစ္စည်းများရှိခြင်း၊ အစရှိသည်တို့ ပါဝင်သည်။ DCS က ထောက်ပံ့မှုကို ကောက်ခံခြင်းကို ခွင့်ပြုရန် အုပ်ထိန်းသူမဟုတ်သောမိဘသည် ဝါရှင်တန်ပြည်နယ်နှင့် လုံလောက်သော ဆက်သွယ်မှု ရှိရမည်။

အုပ်ထိန်းသူမဟုတ်သောမိဘသည် အခြားပြည်နယ်တွင်နေပြီး ဝါရှင်တန်ပြည်နယ်နှင့် အဆက်အသွယ်မရှိသော်လည်း သင်သည် ဝါရှင်တန်ပြည်နယ်တွင် နေထိုင်ပါက DCS သည် အောက်ပါတို့မှ တစ်ခုခုကို လုပ်နိုင်သည်။

1. အမှုအတွက် တရားစီရင်ပိုင်ခွင့်ကိုထုတ်ပြန်ပေးပြီး ဝါရှင်တန်ပြည်နယ်ဥပဒေ အရ ထောက်ပံ့ကြေးကောက်ခံမည်။
2. အုပ်ထိန်းသူမဟုတ်သည့်မိဘနေထင်သော ပြည်နယ်ကို ထောက်ပံ့ကြေးကောက်ခံရန် တောင်းဆိုမည်။ အခြားပြည်နယ်သည် ၎င်းတို့ဥပဒေနှင့်အညီ စီရင်မည်။

DCS သည် အုပ်ထိန်းသူမဟုတ်သည့်မိဘနှင့် လစဉ် ရက်လွန်ထောက်ပံ့ရေးကြေးကျန်များအတွက် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်မည်။ DCS သည် ဤပေးငွေကို ပြုလုပ်ရာတွင် သင်၏ ထောက်ပံ့ရေးအမိန့်စာတွင် သတ်မှတ်ထားသော ထောက်ပရေးလိုအပချက်နှင့် အမှုတွင် ပေးရန်ရှိသော ရက်လွန်ထောက်ပံ့ရေးကြေးကျန်များ စုစုပေါင်းအပေါ် အခြေခံသည်။

အကယ်၍ သင့်တွင် ***ထောက်ပံ့ခြင်းအတွက် ဝင်ငွေထိန်းချုပ်ခြင်း*** ကို ဝန်ဆောင်မှုပေးရန် ခွင့်ပြုသော ထောက်ပံ့ရေးအမိန့်စာ ရှိပါက DCS သည် အုပ်ထိန်းသူမဟုတ်သည့်မိဘ၏ အလုပ်ရှင (သိပါက) ထံသို့ နို့တစ်စာ ပေးပို့မည်။

အကယ်၍ သင့်တွင် ***ထောက်ပံ့ခြင်းအတွက် ဝင်ငွေထိန်းချုပ်ခြင်း*** ကို ဝန်ဆောင်မှုပေးရန် ခွင့်မပြုသော ထောက်ပံ့ရေးအမိန့်စာ ရှိပါက DCS သည် အုပ်ထိန်းသူမဟုတ်သည့်မိဘ ထံသို့ ***ထောက်ပံ့ရေးကြေးနှင့် ပေးငွေအတွက်တောင်းဆိုခြင်း နို့တစ်စာ*** ကို ပေးပို့မည်။ ***ထောက်ပံ့ရေးကြေးနှင့် ပေးငွေအတွက်တောင်းဆိုခြင်း နို့တစ်စာ*** သည် ထောက်ပံ့ကြေးငွေ ပမာဏကို ဖော်ပြပြီး ***ထောက်ပံ့ခြင်းအတွက် ဝင်ငွေထိန်းချုပ်ခြင်း*** ကို ဝန်ဆောင်မှုပေးရန် DCS ကို အခွင့်အာဏာအပ်နှင်းသည်။

1. သင်သည် တရားရုံးကသတ်မှတ်သော ထောက်ပံ့ကြေးငွေလက်ခံမည့်သ ဖြစ်ပါက DCS သည် ထောက်ပံ့ကြေးပမာဏကို ဖော်ပြထားသော နို့တစ်စာ မိတ္တူကို သင့်ထံသို့ပေးပို့မည်။ သင်သည် မိတ္တူကို လက်ခံရရှိပြီး နို့တစ်စာတွင် ဖော်ပြထာသော ငွေပမာဏကို လက်မခံပါက ကြားနာစစ်ဆေးမှုပေးရန်ကို တောင်းဆိုနိုင်သည်။

2. အုပ်ထိန်းသူမဟုတ်သည့်မိဘသည် ထောက်ပံ့ကြေးငွေ ဖော်ပြထားသော နို့တစ်စာတွင် သတ်မှတ်ချက်များကို ငြင်းဆိုရန် ကွန်ဖရင့်ဘုတ်အဖွဲ့ (အခမ်းအနားမပါသော ကြားနာစစ်ဆေးခြင်း) ပြုလုပ်ပေးရန် တောင်းဆိုနိုင်သည်။ ကွန်ဖရင့်ဘုတ်အဖွဲ့တွင် သင်ကိုယ်တိုင်ပါဝင်နိုင်ပါသည်။

3. သင်သည် ကြားနာစစ်ဆေးခြင်းကို တောင်းဆိုပြီး အုပ်ထိန်းသမဟုတ်သည့်မိဘက ကွန်ဖရင့်ဘုတ်အဖွဲ့ကို တောင်းဆိုပါက သင်သည် ကြားနာစစ်ဆေးခြင်း သို့မဟုတ် ကွန်ဖရင့်ဘုတ်အဖွဲ့ တစ်ခုခုကို ရွေးချယ်နိုင်သည်။

ထောက်ပံ့ရေးအမိန့်စာကို ထုတ်ပြန်ခြင်း၊ လိုက်နာစေခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ကို ပြုလုပ်ရာတွင် DCS သည် ထောက်ပံ့ရေးအမိန့်စာနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များထံသို့ ရေးသားထားသော နို့တစ်စာကို ပထမတန်းစားစာပို့စနစ်ဖြင့် ပို့ပေးမည်။ DCS သည် ဤနို့တစ်စာပို့ရာတွင် ပုဂ္ဂိုလ်များ၏ နောက်ဆုံး ရရှိထားသော နေရပ်လိပ်စာသို့ပို့မည်။ အကယ်၍ DCS သည် သင့်ထံသို့ နို့တစ်စာပို့လျှင် ၎င်းသည် ထပ်မံအကြောင်းကြားခြင်း မရှိတော့ဘဲ သင့်အတွက် နောက်ဆုံးအမိန ဖြစ်လာနိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးဦးက ပြင်ဆင်ခြင်းအတွက် ကြားနာခြင်းကို တက်ရောက်ရန် ပျက်ကွက်ပါက တရားရုံး သို့မဟုတ် အုပ်ချုပ်ရေးဥပဒေတရားသူကြီး (AL) သည် ထောက်ပံ့ရေးအမိန့်စာ ပြင်ဆင်ရန် အသနားခံစာတင်သွင်းခြင်းကို အလိုအလျှောက် ခွင့်ပြုနိုင်သည်။ ပျက်ကွက်သော ပုဂ္ဂိုလ်အား ကြားနာစစ်ဆေးခြင်း နို့တစ်စာကို ပထမတန်းစားစာပို့စနစ်ဖြင့် နောက်ဆုံးသိရှိသော နေရပ်လိပ်စာသို့ ပေးပို့ထားကြောင်းကို DCS ကသက်သေမပြနိုင်လျှင်လည်း ဤသို့ပြုလုပ်နိုင်သည်။

DCSသည သင့်ကလေး(များ)ကို တရားဝင်အုပ်ထိန်းခွင့် သို့မဟုတ် လာရောက်လည်ပတ်ခွင့်ကို ချမှတ်ခြင်း သို့မဟုတ် လိုက်နာဆောင်ရွက်စေခြင်းများ မပြုလုပ်နိုင်ပါ။

**ကိုယ်စားပြုခြင်း**

DCS အပြင် DCS နှင့်အတူ အလုပ်လုပ်သော တရားသူကြီးချုပ်ရုံးများနှင့် တရားလိုရှေ့နေရုံးများ အားလုံးသည် လူမှုရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်နေးများဌာနက ကိုယ်စားပြုသည်။ ဤရုံးများသည် သင်၏ ထောက်ပံ့ရေးအမိန့်စာ နှင့် သက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးကို ကိုယ်စားမပြုပါ။

**ကြားနာစစ်ဆေးခြင်း**

အခန်း 34.05 RCW သည် သင်၏ ထောက်ပံ့ရေးအမိန့်စာနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်နှစ်ဦးလုံးကို သင်၏ ထောက်ပံ့ရေးအမိန့်စာအကြောင်း ကြားနာစစစ်ဆေးခြင်း၌ ပါဝင်တက်ရောက်ရန် ခွင့်ပြုသည်။ ကြားနာစစ်ဆေးခြင်းကို လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။ ကြားနာစစ်ဆေးခြင်းသည် သင်၏ထောက်ပံ့ကြေးပမာဏအပေါ် သက်ရောက်မှု ရှိသည်။ သင်သည် ကြားနာစစ်ဆေးခြင်းတွင် ပါဝင်ခြင်းမရှိလျှင် ALJ သည DCS သို့မဟုတ် ထောက်ပံ့ရေးအမိန့်စာနှင့် သက်ဆိုင်သော အခြားပုဂ္ဂိုလ်၏ တောင်းဆိုချက်များကို သင့်အားအကြောင်းကြားခြင်းမရှိဘဲ ခွင့်ပြုနိုင်သည်။ ကြားနာစစ်ဆေးခြင်းတွင် သင့်ကို ကိယ်စားပြုရန် တရားဝင် ရှေ့နေကို အလိုရှိနိုင်သည်။

**လျှော့ပေါ့မှု**

အကယ်၍ မိဘမဟုတ်သောအုပ်ထိန်းသူသည် အကျဉ်းထောင် သို့မဟုတ် ထောင် သို့မဟုတ် အမှားပြုပြင်ခြင်းအဆောက်အအုံထဲတွင် ခြောက်လထက်ကျော်လွန်ပြီး အကျဉ်းချထားခံရလျှင် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရပြီး ကလေးစရိတ်ထောက်ပံ့ပေးနိုင်ခြင်းမရှိခဲ့ပါက ဝါရှင်တန် ဥပဒေအရ ကလေးစရိတ်ထောက်ပံ့မှုကို ယာယီလျှော့ချရန် ခွင့်ပြုသည်။ အဆိုပါ လုပ်ငန်းစဉ်ကို လျှော့ပေါ့မှု ဟုခေါ်ပါသည်။ မိဘမဟုတ်သောအုပ်ထိန်းသူ၊ သင်ကိုယ်တိုင် သို့မဟုတ် DCS မှ လျှော့ပေါ့မှု အတွက် တောင်းဆိုနိုင်သည်။ အကယ်၍ သင့်ဖြစ်ရပ်တွင် လျှော့ပေါ့မှုနှင့်သက်ဆိုင်ပါက DCS မှ လျှော့ပေါ့မှု၏စည်းမျဉ်းများ နှင့် မိမိတို့ သဘောမတူခဲ့ပါက ကြားနာခြင်းတစ်ခု တောင်းဆိုနိုင်သည့် လူတစ်ဦးစီ၏အခွင့်အရေးအကြောင်းများကို ရှင်းလင်းပြပေးသည့် အသိပေးချက်ကို သင် လက်ခံရရှိမည်ဖြစ်ပါသည်။

**ကောက်ခံရေးဝန်ဆောင်မှုများ**

DCS သည် အောက်ပါတို့ကို ဆောက်ရွက်ရန် ကြိုးစားပါမည် –

1. လက်ရှိနှင့် ရက်လွန် ထောက်ပံ့ရေးကြွေးကျန်များ(ရှိပါက)ကို ကောက်ခံခြင်း
   - ကန့်သတ်ထားသော အခြေအနေများတွင် သင်၏ ထောက်ပံ့ရေးအမိန့်စာတွင် ဖော်ပြထားသော လက်ရှိ လစဉ်ထောက်ပံ့ကြေးပမာဏထက် လျှော့နည်းပြီး အုပ်ထိန်းသူမဟုတ်သော မိဘကပေးခြင်းကို ခွင့်ပြုသည့် ယာယီသဘောတူညီမှုကို DCS က ပြုလုပ်နိုင်သည်။ လက်ရှိနှင့် ရက်လွန် ထောက်ပံ့ရေးကြွေးကျန်များအားလုံးကို DCS ကပြန်လည်ကာမိစေရန် ပေးငွေများအချိန်နှင့်အမျှ တိုးလာမည်။
2. မရသေးသော ရက်လွန် ထောက်ပံ့ရေးကြွေးကျန်များအတွက် အတိုးကို ကောက်ခံမည်။ သင့်တွင် ထောက်ပံ့ရေးအမိန့်စာ သို့မဟုတ တိုးလာသော အတိုးစုစုပေါင်းကို ဖော်ပြထားသည့် လူမျိုးစုနှင့်ဆိုင်သော တရားရုံးစီရင်ချက ရှိလျှင်သာ DCS က ထိုသို့လုပ်ဆောင်ပါမည်။
3. သင်၏ ထောက်ပံ့ရေးအမိန့်စာအရ လိုအပ်ပါက ကလေးသူငယ်စောင့်ရှောက်ရေး ကုန်ကျစရိတ်များကို ကောက်ခံမည်။
4. သင်၏ ထောက်ပံ့ရေးအမိန့်စာ၏ လိုအပ်ချက်ဖြစ်ပါက လင်သို့မဟုတ်မယားစရိတ်(ထောက်ပံ့စရိတ်)ကို ကောက်ခံမည်။ လင်သို့မဟုတ်မယား စရိတ် ပမာဏကို DCSက မသတ်မှတ်ပါ။
5. ဆေးကုသရေးအတွက် ထောက်ပံ့ရေး လိုအပ်ချက်များကို လိုက်နာစေမည်မည်။ အခန်း 74.20 နှင့် RCW 74.20A RCW အရ ရနိုင်သော ဆေးကုသမှုများကို အသုံးပြု၍ အမိန့်စာတွင်ပါရှိသည့် ကလေး(များ)အတွက် ကုန်ကျစရိတ်ပြန်ထုတ်ပေးခြင်းမရှိသော (စပ်တူပေးငွေများ၊ လခထဲမှဖြတ်တောက်နိုင်သော အခွန်အခများနှင့် အာမခံကြေး ထည့်သွင်းငွေများ ကဲ့သို့သော) ဆေးကုသမှုဆိုင်ရာ ကုန်ကျစရိတ်များကို DCS က ကောက်ခံမည်။ WAC 388-14A-1020 သည် အာမခံမရှိသည့် ဆေးကုသမှုဆင်ရာ ကုန်ကျစရိတ်များကို အနက်ဖွင့်ပေးထားသည်။ DCS သည် ကျန်းမာရေးအာမခံလိုအပ်ချကများကို လိုက်နာစေရန် သို့မဟုတ် မိဘ၏ အခြေခံ ကလေးစရိတ်ထောက်ပံ့ရေးတာဝန်၏ ၂၅ ရာခိုင်နှုန်းထိ ကန့်သတ် ထားသည့် တာဝန်ရှိသောမိဘ၏ ကုန်ကျစရိတ် အချူးကျဝေစုထက်မပိုသော ငွေသားထည့်ဝင်ခြင်းကို လိုက်နာစေရန် ***နိုင်ငံတော်ဆေးကုသမှု ထောက်ပံ့ရေး နို့တစ်စာ***ကို ပေးပို့နိုင်သည်။
6. ကလေးများ အခြေခံပညာ အထက်တန်းကျောင်းအောင်ပြီးနောက် ၎င်းတို့၏ ပညာရေးကို ဆက်လက်သင်ယူရန် တက္ကသိုလ်အဆင့် ပညာရေးထောက်ပံ့မှုစရိတ်ရရှိရန် လိုက်နာလုပ်ဆောင်စေမည်။ ပြည်နယ် သို့မဟုတ် လူမျိုးစတရားရုံးကသာ ဤထောက်ပံ့မှုမျိုးအတွက် အမိန့်ချမှတ်နိုင်သည်။ DCS သည် ဤထောက်ပံ့မှုမျုးကို မပြဋ္ဌာန်းနိုင်ပါ။

ဤကဏ္ဍတွင် ဖော်ပြထားသော ဆောင်ရွက်မှုတို့ကို လုပ်ကိုင်ဆောင်ရွက်ရန် DCS သို့ တောင်းဆိုရန်မလိုပါ။ DCS သည် သင့်အမှုကို လိုအပ်သလို ဆောင်ရွက်သွားမည်။ သို့သော်၊ သင်သည် DCSက သင်၏ထောက်ပံ့ရေးကို ကောက်ခံပေးရာတွင် အကူအညီရစေသော သတင်းအချက်အလက်အသစ်တိုကို ရှာဖွေနိုင်သည်။ တွေ့ရှိလျှင် DCS ကို အကြောင်းကြားရမည်။ DCS နှင့် ဆက်သွယ်ရေးအားလုံးအတွက် အောက်ပါ သတင်းအချက်အလက်များကို ထည့်သွင်းပါ။

1. သင်၏အမည၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနပါတ်၊ နှင့် အမှုတွဲနံပါတ်။
2. အုပ်ထိန်းသူမဟုတ်သောမိဘ၏ အမည်နှင့် လူမှုလုံခြုံရေးနံပါတ် (အကယ်၍သင်သိပါက)။

**DCS ၏ *ဝန်ဆောင်မှုများကို ရပ်ဆိုင်းခြင်း***

သင်သည် DCS ၏ အပြည့်အဝကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို ရပ်ဆိုင်းစေလိုလျှင် DCS သို့ စာရေးသား၍ တောင်းဆိုရမည်။ သငတွင်ရှိသော ထောက်ပံ့ရေးအမိန့်စာအရ အုပ်ထိန်းသူမိဘမဟုတ်သူက ထောက်ပံ့မှုများကို WSSR မှတဆင့်ပေးရန် လိုအပ်ပါက DCS သည် အပြည့်အဝ ကောက်ခံခြင်းဝန်ဆောင်မှုလုပ်ငန်းများကို ရပ်ဆိုင်းခြင်း၊ သင‌အမှုကို PSO ပြောင်းလဲသတ်မှတ်ခြင်းနှင့် အုပ်ထိန်းသမိဘမဟုတ်သူကို အကြောင်းကြားခြင်း တို့ကို ပြုလုပ်မည်။ အကယ်၍ သင်၏ ထောက်ပံ့ရေးအမိန့်စာတွင် ထောက်ပံ့မှုများကို WSSR မှတဆင့်ပေးရန် ညွှန်ကြားထားခြင်းမရှိပါက DCS သည် သင်၏အမှုကို ပိတ်မည်။
အကယ်၍ သင် သို့မဟုတ် သင့်ကလေး(များ)သည် အုပ်ထိန်းသူမဟုတ်သောမိဘနှင့် ပြန်လည်ပေါင်းစည်းပါက DCS သည် လက်ရှိထောကပံ့မှု ကောက်ခံနေခြင်းကို ရပ်ဆိုင်းမည်။ သင်လက်ခံရရှိသော ဝန်ဆောင်မှုအမျိုးအစားများအတွက အပြောင်းအလဲများရှိပါက DCS က သင့်ကိုအကြောင်းကြားမည်။

**ပြည်ထောင်စုဗဟိုအစိုးရ ဝင်ငွေခွန် ပြန်အမ်းခြင်း ညှိနှိုင်းရေး၊ အုပ်ချုပ်ရေး ညှိနှိုင်းရေးနှင့် နိုင်ငံကူးလက်မှတ် ငြင်းပယ်ခြင်း**

သင်၏အမှုသည် အောက်ပါအချက်များနှင့် ကိုက်ညီပြီး အုပ်ထိန်းသူမဟုတ်သောမိဘသည် ရက်လွန်ထောက်ပံ့ရေးကြွေးကျန်များ ပေးရန်ကျန်နေ သောအခါတွင် DCS သည် အပြည်ပြည်ဆိုင်ရာ အခွန်တော်ငွေ ဝန်ဆောင်မှုလုပ်ငန်း ( IRS) သို့ အကြောင်းကြားမည်–

1. DCS သည် အုပ်ထိန်းသူမဟုတသောမိဘ၏ လူမလုံခြုံရေးနံပါတ်ကို သိရှိခြင်း။
2. ထောက်ပံ့ရေးအမိန့်စာအရ ရက်လွန် ထောက်ပံ့ရေးကြွေးကျနများ ရှိနေခြင်း။
3. အုပ်ထိန်းသူမဟုတ်သောမိဘသည် ရက်လွန် ထောက်ပံ့ရေးကြွေးကျန်များ စုစုပေါင်း ဒေါ်လာ ၅၀၀.၀၀ ထက်ပိုမိုရှိနေခြင်း။ အကယ်၍ DCS က ရက်လွန် ထောက်ပံ့ရေး ကြွေးကျန်များကို တိုင်းတာနိုင်ခြင်းမရှိလျှင် DCS သည် သင်၏အမှုကို လက်ခံသည့်အချိန်မှစတင်၍ တိုးလာသော ပမာဏက ကန့်သတ်နိုင်သည်။

လက်ရှိထောက်ပံ့ကြေးအပါအဝင် ရက်လွန်ပေးရန်ရှိကလေးစရိတ်ထောက်ပံ့မှုကပေးရန် အုပ်ထိန်းသူမဟုတ်သောမိဘ၏ အခွန်ပြန်အမ်းငွေကို IRS က DCS ထံသို့ ပေးပို့သည်။

အကယ်၍ အုပ်ထိနးသူမဟုတ်သောမိဘက ပူးတွဲအခွန်ပြန်အမ်းငွေကို ဖိုင်တွဲထားခဲ့ပါက DCS သည် ပြန်အမ်းငွေကို သင့်ထံမပို့မီ ခြောက်လ ထိန်းသိမ်းထားမည်။ အခြားပူးတွဲဖိုင်တွဲသူကို ၎င်း၏ ပြန်အမ်းငွေဝေစုကို တောင်းဆိုခြင်းကို ခွင့်ပြုရန် DCS သည် အခွန်ပြန်အမးငွေကို ထိန်းသိမ်းထားနိုင်သည်။

ပြည်ထောင်စုဗဟိုအစိုးရမှ အုပ်ထိန်းသူမဟုတ်သောမိဘအားပေးရန်ရှိသော အခြားပေးငွေများကိုလည်း ရက်လွန်ပေးရန်ရှိထောက်ပံ့မှုဖြင့် ညှိနှိုင်းမည်။ အကယ်၍ အုပ်ထိန်းသူမဟုတ်သော မိဘသည် အနည်းဆုံး ကျပ်2,500.00 အကြွေးကျန်ရှိပါက၊ ပြည်ထောင်စုဗဟိုအစိုးရသည် အုပ်ထိန်းသူမဟုတ်သောမိဘအား နိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

**ပေးငွေများ ဖြန့်ဝေခြင်း**

ထောက်ပံ့ရေးပေးငွေများ ဖြန့ဝေရာတွင် တင်းကျပ်သော ပြည်ထောင်စုနှင့် ပြည်နယ်လုပ်ထုံးလုပ်နည်းများ ရှိသည်။ DCS သည် ပေးငွေလက်ခံနေ့စွဲကို ထောက်ပံ့ရေးငွေများကို မည်သို့ ပေးရမည်ဟု ဆုံးဖြတ်ရာတွင် အသုံးပြုသည်။ ထောက်ပံ့ရေးအမိန့်စာ နှင့် သက်ဆိုင်သော ပုဂ္ဂိုလ်နှစ်ဦးတွင် မည်သူကမျှ ပေးငွေရရှိရမည့် ကာလကို မရွေးချယ်နိုင်ပါ။

1. IRS မှရရှိသော အခွန်ပြန်အမ်းငွေများ မှလွဲ၍ DCS သည် လစဉ်လက်ခံရရှိသော ငွေများကို ထိုလအတွက် လက်ရထောက်ပံ့စရိတ်တွင် ထည့်ပေးမည်။ IRS မှပေးငွေများသည် ရက်လွန်–ပေးရန်ရှိ ကလေးစရိတ်ထောက်ပံ့မှုအတွက်သာ အကျုံးဝင်သည်။

2. သင်သည အစွယ်မရောက်သေးသည့် ကလေးမျာ အုပ်ထိန်းသူအဖြစ် TANF၊ လူမျိုးစုဆိုင်ရာ TANF ၊ သို့မဟုတ် AFDC မှထောက်ပံ့ငွေကို မည်သည့်အခါမျှ မရဘူးခဲ့လျှင် DCS သည် နှစ်စဉ်ကြေး ဒေါ်လာ 35 ကို ကောကခံရန် ဆိုင်းထားနိုင်သည်။ နှစ်စဉ် အောက်တိုဘာလ ၁ ရက်နှင့် စက်တင်ဘာလ ၃၀ရက်ကြားတွင် အမှုအတွက် ဒေါ်လာ 550 ကို သင့်ထံသို့ ထုတ်ပေးပြီးနောက်တွင် နှစ်စဉ်ကြေးကို DCS ကကောက်ခံမည်။

3. အကယ်၍ DCS သည် လက်ရှိထောက်ပံ့ရေးငွေပမာဏထက် ပိုမို လက်ခံရရှိပါက DCS သည် ပိုနေသောငွေပေးချေမှုက ရက်လွန် ထောက်ပံ့ရေးကြွေးကျန်တွင် ထည့်သွင်းမည်။

4. အုပ်ထိန်းသူမဟုတ်သည့်မိဘသည် လက်ရှိထောက်ပံ့ရေးကို မိသားစု တစ်ခုထက် ပို၍တာဝန်ယူထားရလျှင် DCS သည် ရက်လွန် ထောက်ပံ့ရေးကြွေးကျန်များ မပေးမီ ငွေကို တာဝန်ရှိသည့် လက်ရှိထောက်ပံ့ရေးများအားလုံးအတွက် အရင်ပေးမည်။ DCS ကမည်သို့ ပေးငွေများ ဖြန့်ဝေသည့်အပေါ် သင်သို့မဟုတ် အုပ်ထိန်းသူမဟုတ်သည့်မိဘ မည်သူမျှက သတ်မှတ်ခွင့်မရှိပါ။

   - အထက်ပါစည်းမျဉ်းတွက် ချွင်းချက် တစ်ခုရှိသည်။ အုပ်ထိန်းသူမဟုတ်သည့်မိဘသည် PSO ဟူသောအမှုများအတွက် ပေးငွေဖြန့်ဝေမှုအပေါ် သတ်မှတ်ပေးနိုင်သည်။ DCS က မှတ်တမ်းများကို ထိန်းသိမ်းခြင်းနှင့် ပေးငွေ ဖြန့်ဝေခြင်းကို ဆောင်ရွက်သော်လည်း ထောက်ပံ့ရေးအမိန့်စာကို တာဝန်ယူဆောင်ရွက်ပေးခြင်း မရှိသည့်အခါ PSO သည် ထိုအမှုများသို့ လွှဲပြောင်းပေးသည်။

DCS သည် လက်ရှိထောက်ပံ့မှုငွေကြေးများကို သင့်ထံသ ပေးပမည်။ အကယ်၍ သင်သည် တိုက်ရိုက်အပ်ငွေပေးရန် လက်မှတ်ထိုးစာရင်းသွင်းထားပါက DCS သည် ပေးငွေကို သင်၏ ဘဏ်စာရင်းထဲသို့ အီလက်ထရောနစ်ငွေကြေး လွှဲပြောင်းခြင်း (EFT) ဖြင့် တိုက်ရိုက်ပို့ပေးမည်။

**သတိပြုရန်။** **။ တိုက်ရိုက်အပ်ငွေအသုံးပြုခွင့်ကို သင်ပေးမထားပါက သည် သင့်ထံသို့ DCS ဒက်ဘစ်ကဒ် ဟုခေါ်သော တန်ဖိုးသိမ်းဆည်းထားသော ဗီဇာကြွေးမြီကဒ် ကို DCS ကသင့်ထံသို့ အလိုအလျောက် စာတိုက်မှ ပို့ပေးမည်။** သင့်တွင် DCS ဒက်ဘစ်ကဒ်ရှိပါက DCS သည် သင်၏ကလေးစရိတ်ထောက်ပံ့ကြေးကို သင့်ဘဏ်စာရင်းသို့ ပို့မည့်အစား ထိုကဒ်ထဲသို့ ထည့်ပေးမည်။ အများအားဖြင့် DCS က သင်၏အမှုအတွက် ထောက်ပံ့မှုကို ဆောက်ရက်ပြီး အလုပ်လုပ်ရက် သုံးရက်အတွင်း ကလေးစရိတ် ထောက်ပံ့ကြေးငွေကို သင်၏ဘဏ်စာရင်း သို့မဟုတ် DCS ဒက်ဘစ် ကဒ်တွင် ရနိုင်ပါသည်။ VISA ကဒ်ကို လက်ခံသည့် နေရာများနှင့် အလိုအလျောက် ငွေထုတ်စက်များ ရှိသည့် မည်သည့်နေရာတွင်မဆို DCS ဒက်ဘစ် ကဒ်ကို အသုံးပြုနိုင်ပါသည်။ အလက်ထရောနစ်ငွေပေးခြေခြင်းနှင့် ပတ်သက်သော အခြားသတင်းအချက်အလက်များ အကြောင်း ကို ပိုမိုရရှိနိုင်ပါသည်။၈၀၀–၄၆၈–၇၄၂၂ သို့ခေါ်ဆိုခြင်း သို့မဟုတ် အွန်လိုင်း www.dshs.wa.gov/dcs ကိုကြည့်ရှုခြင်းတို့ဖြင့် ပေးငွေများလက်ခံနိုင်သည့် အခြားနည်းလမ်းများအကြောင်း ရှာဖွေသိရှိနိုင်ပါသည်။

ရက်လွန်ထောက်ပံ့ရေးကြွေးကျန်များကို သင် ရကောင်းရနိုင်သည် သို့မဟုတ် မရနိုင်ပါ။

1. သင် သို့မဟုတ် သင့်ကလေး(များ) သည် ပြည်သူလူထုကူညီရေးကို မည်သည့်အခါမျှ မရဘူးခဲ့လျှင် DCS သည် သင့်ထံသို့ ငွေကို ပို့မည်။

2. သငသည် ပြည်သူလူထုကူညီရေးကို လက်ခံရရှိခဲ့သော်လည်း မည်သည့်တရားစီရင်ပိုင်ခွင့်ထံသို့မှ အကြွေးအတွက် တာဝန်ချသတ်မှတ်ပေးထား ခြင်းမရှိခဲ့လျှင် DCS သည် သင့်ထံသို့ ငွေကို ပို့မည်။

3. သင်သည် ယခင်က ပြည်သူလူထုကူညီရေးကို လက်ခံရရှိခလျှင် ထအကူအညီကို လက်ခံခြင်းမှ ရပ်ဆိုင်းပြီးနောက် DCS သည် ရက်လွန်ထောက်ပံ့ရေးကြွေးကျန်များကို အောက်ပါအတိုင်း ပေးသွားမည်။

   a. ပထမ။ ပြည်နယ်သို့ မည်သည့်အခါမျှ တာဝန်ချ သတ်မှတ်ပေးခဲ့ခြင်း မရှိသော သင်ရရှိရမည့် မည်သည့် ရက်လွန်ထောက်ပံ့ရေးကြွေးကျန်မဆို။

   b. ဒုတိယ။ အောကတွင d ၌ဖော်ပြထားသော အမြဲတမ်း တာဝန်ချသတ်မှတ်ထားသည့် ရက်လွန်ထောက်ပံ့ရေးကြွေးကျန် မပါဝင်သည့် ၁၉၉၇ ခုနှစ် အောက်တိုဘာလ ၁ရက် နောက်ပိုင်းနှင့် ၂၀၀၈ အောက်တိုဘာလ ၁ရက် မတိုင်မီတွင် ပြုလုပ်သော တာဝန်ချသတ်မှတ်ထားချက်အရ ပြည်နယ်သို့ ယာယီတာဝန်ချသတ်မှတ်ထားသော မည်သည့် ရက်လွန်ထောကပံ့ရေးကြွေးကျန်မဆို။

   c. တတိယ။ သင့်ကလေး(မား)၏ ဆေးကုသရေးစရိတ်ထောက်ပံ့မှုအတွက် သင်ရရန်ရှိသော မည်သည့် ရက်လွန်ထောက်ပံ့ရေးကြေးကျန်မဆို။

   d. စတုတ္ထ။ ၁၉၉၇ ခုနှစ် အောက်တိုဘာလ ၁ ရက် မတိုင်မီ ပြုလုပ်သော လူထုကူညီရေး တာဝန်ချသတ်မှတ်ထားချက်အရ ပြည်နယ်သို့ အမြဲတမ်း တာဝန်ချသတ်မှတ်ထားသော သို့မဟုတ် ထိုနေ့နောက်တွင် ပြည်သူလူထုအကူအညီက ထိုလတွင် သင့်ကိုပေးရန် ခွင့်ပြုသောကြောင့် တာဝန်ချသတ်မတ်ထားသော မည်သည့် ရက်လွန်ထောက်ပံ့ရေး ကြွေးကျန်မဆို။

   e. ပဉ္စမ။ ပြည်နယ်သို့ တာဝန်ချထားသော ကလေး၏ မည်သည့် ရက်လွန်ဆေးကုသရေးစရိတ်ထောက်ပံ့မှုမဆို။

   f. သင်ရရှမည့် မည်သည့်ရက်လွန်ထောကပံ့ရေးကြွေးကျန်တို့သို့ မပေးမီ၊ IRS မှရရှိသော ပေးငွေများကို ပြည်နယ်မှသတ်မှတ်ထားသော မည်သည့်ရက်လွန်ထောက်ပံ့ရေး ကြွေးကျန်နှင့် ရက်လွန်ဆေးကုသမှု ထောက်ပံ့ရေးကြွေးကျန်တို့ကိုမဆို ဖြန့်ဝေပေးသည်။

4. အကယ်၍ အုပ်ထိန်းသူမဟုတ်သည်မိဘသည် ရက်လွန်ထောက်ပံ့ရေးကြွေးကို မိသားစုတစ်ခုထကပို၍ ပေးရန်ရှိပါက DCS သည် ငွေကို မိသားစုများကြား အချိုးကျ ခွဲပေးမည်။ အကယ်၍ သငသည် ထောက်ပံ့ကြေးငွေအမှားကို လက်ခံရရှိပါက အများအားဖြင့် ထိုငွေကို ပြန်လည်ပေးအပ်ရမည်။ မှားယွင်းသော ပေးခြင်းများကို ပြန်လည်ထိနးသိမ်းရန် DCS သည် သင်၏ ဝင်ငွေသို့မဟုတ် လစာအပေါ် ထိန်းချုပ်ခြင်း ဆောင်ရွက်ချက်ကို လုပ်ဆောင်နိုင်သည် သို့မဟုတ် သင့်ပိုင်ဆိုင်မှုအပေါ် ကြွေးရှင်သိမ်းပိုင်ခွင့်ကို ဖိုင်တွဲထားနိုင်သည်။ DCS သည် ဤအရေးယူဆောင်ရွက်မှုများ မပြုလုပ်မီ နို့တစ်စာ ပေးပို့မည်။ သင်သည် DCS ၏အရေးယူဆောင်ရွကမှုများကို သဘောမတူပါက ကြားနာစစ်ဆေးခြင်းကို သင်တောင်းဆိုနိုင်သည်။

ငွေပေးချေမှုပြန်ရယူခြင်း

RCW 26.23.035(3) နှင့် 74.20A.270 အညီ DCS သည် သင်ထံသို့ မှားပြီး ပေးဆပ်ခဲ့သည့် ငွေပိုပေးမှုများနှင့် ငွေပေးချေမှုများကို ပြန်ပြီး ရယူနိုင်သည်။

1. DCS မှသင့်ထံသို့ ပို့သည့် ငွေပေးချေမှုများ ဖြစ်ပါကအောက်ပါ ကစ္စမျိုးအတွက် ပြန်ပေးရမည် :
   a. DCS က ငွေကို မှားပြီး ပို့ခဲ့သည်။
   b. DCS သည် အုပ်ထိန်းသူ မဟုတ်သည့် မိဘက ပေးဆပ်ရန် တာဝန်ရှိခဲ့သည့် ထက်ပိုပြီး၊ တနည်း ပိုပြီးငွေပေးချေခဲ့သည်။
2. သင့်တွင် ငွေပေးချေမှုဝန်ဆောင်မှုသာ(PSO) ရှိပါက DCS ပထမ အနေနှင့် သင့်အတွက် ရရှိမည အနာဂါတ် ငွေပေးချေမှုများထဲမှ နေပြီး သင်ထံသို့ မှားပြီး ပိုပြီး ပေးဆပ်ခဲ့သည် ငွေပေးချေမှုများနှင့် ငွေပေးချေမှုများကို ပြန်ပြီး ရယူသွားပါမည်။ RCW 26.23.035(3) က သင့်အား အကြောင်းကြားခြင်း မရှိဘဲ ထိုသို့ လုပပိုင်ခင့်ကို ပေးပါသည်။
   a. DCS သည် အနာဂါတ်တွင် ဝင်လာမည့် လက်ရှိ ထောက်ပံ့ရေး ငွေပေးချေမှုများထဲမှ ၁၀ ရာခိုင်နှုန်းကို အလိုလို နတ်ယူသွားမည်။
   b. DCS သည် အနာဂါတ်တွင် ဝင်လာမည့် ရက်လွန်ထောက်ပံ့ရေး ငွေပေးချေမှုများထဲမှ ၁၀ ရာခိုင်နှုန်းကို အလိုလို နှုတ်ယူသွားမည်။
3. DCS သည် သင်ထံသို့ မှားပြီး ပိုမို ပေးဆပ်ခဲ့သည်ငွေပေးချေမှုများ သို့မဟုတ် ငွေပေးချေမှုများကို ပြန်ပြီး ရယူရေးအတွက် RCW 74.20A.270 မှ ခွင့်ပြုထားသည့် အခြား လုပ်ဆောင်ချက်များကို ချမှတ်လုပ်ကိုင်နိုင်သည်။ အကယ်၍ DCS က ဤရွေးစရာကို ရွေးခဲ့လျှင်၊ DCS သည် သင့်ထံသ. သတိပေးစာကို ပို့ပါမည်။ ကန့်ကွက်စာ မရခဲ့လျှင်၊ DCS လုပ်ပိုင်ခွင့် ရှိသည်မှာ
   a. သင်၏ အလုပ်ရှင် သို့မဟုတ် သင်၏ ပိုင်ဆိုင်မများကို ထိန်းချုပ်ထားသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ထံသို့ ထောက်ပံ့ရေး အတွက် ဝင်ငွေ ထိန်းချန်ထားရေး အမိန့် (Income Withholding Order for Support)ကို ပို့ပေးပါမည်။ ထိုအမိန့်/သတိပေးချက်အရ သင်၏ အလုပ်ရှင် သို့မဟုတ် အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မားပြီး နှင့်/ပိုပြီး ပေးဆပ်ခဲ့သည့် ငွေပေးချေမှုများကို သင်၏ ရရှိငွေ၊ ဝင်ငွေ၊ နှင့် ပိုင်ဆိုင်မှုများထဲမှ နှုတ်ယူကြရပါမည်။
   b. သင်၏ ခြံမြေ နှင့် ကိုယ်ပိုင် ပိုင်ဆိုင်မှုများကု ဖမ်းချုပ် အာမခံအဖြစ် ထားရှိရေးအတွက် လျှောက်လဲ တရားစွဲနိုင်သည်။
   c. Chapters 26.09, 26.18, 26.23 နှင့် 74.20 RCW အရ DCS အား ခွင့်ပြုထားသည့် ငွေကောက်ခံရေး မည်သည့် နည်းလမ်းကိုမဆို အသုံးပြုနိုင်သည်။

**လူမျိုးစုဆိုင်ရာ သတင်းအချက်အလက်များ**

DCS နှင့် လူမျိုးစုတို့ကြား သဘောတူညီမှု မရှိပါက၊ လူမျိုးစု၊ လူမျိုးစုပိုင် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကြိုတင်နေရာချထားသော မြေနေရာတွင် တည်ရှိသည့် အင်ဒီးယန်းပိုင် စီးပွားရေးလုပ်ငန်းများ အတွက်အလုပ်လုပ်သော ဝန်ထမ်းများအပေါ် ဤပုံစံတွင် ဖော်ပြထားသော DCS ၏ လိုက်နာစေခြင်းနှင့် ကောက်ခြင်းလုပ်ငန်းစဉ်များသည် အကျုံးမဝင်ပါ။ အကယ်၍ အုပ်ထိန်းသူမဟုတ်သောမိဘသည် အင်ဒီးယန်းလူမျုးစု၊ လူမျိုးစုပိုင် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကြိုတင်နေရာချထားသော မြေနေရာတွင် တည်ရှိသည့် အင်ဒီးယန်းပိုင် စီးပွားရေး လုပ်ငန်းများ အတွက်အလုပ်လုပ်သော ဝန်ထမ်းဖြစ်ပါက DCS သည အောက်ပါတို့ကို လုပ်ဆောင်နိုင်သည် –

1. သင်၏အမိန့်စာကို လိုက်နာဆောင်ရွက်စေရန် လူမျိုးစုကို တောင်းဆိုမည်။ ဝါရှင်တန်ပြည်နယ်နှင့် လူမျိုးစုတို့တွင် ထိုသို့လုပ်ရန် လုပ်ငန်းစဉ် ရှိပါက DCS သည် ထိုသို့လုပ်ဆောင်မည်။
2. လူမျုးစုတရားရုံးတွင် သင်၏ထောက်ပံ့ရေးအမန့်စာကို ထုတ်ပြန်ရန် သို့မဟုတ် လိုက်နာဆောင်ရွက်စေရန် အရေးယူဆောင်ရွက်မှုတစ်ခုကို လျှောက်ထားမည်။ အကယ်၍ DCS သည် လူမျိုးစုတရားရုံးတွင် အရေးယူဆောင်ရွက်မှုတစ်ခုကို လျှောက်ထားလျှင် DCS သည် ဝါရှင်တန်ပြည်နယ်နှင့် အင်ဒီးယန်းလူမျုးစု တို့အကြား သဘောတူညDcsက်တွင် ဖော်ပြထားသော လပ်ငန်းစဉ်များကို အသုံးပြုနိုင်သည် သို့မဟုတ် လက်ရှိ လူမျိုးစုဆိုင်ရာ တရားရုံးလပ်ငန်းစဉ်များကို အသုံးပြုနိုင်သည်။

အောက်တွင်ဖော်ပြထားချက်များထဲမှ တစ်ခုခုသည် သင်၏အမှုတွင် အကျုံးဝင်လာပါက DCS သည် သင်၏အမှုကို လူမျိုးစုဆိုငရာ တာဝန်ယူဆောင်ရွက်ရေးယူနစ်သို့ တာဝန်ချထားနိုင်သည်။

1. သင်၏ထောက်ပံ့ရေးအမိန့် နှင့်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ သင်၏ ကလေးသည် အင်ဒီးယန်းလူမျိုးစု၏ အသင်းဝင်ဖြစ် ။ကြခြင်း။
2. အုပ်ထိန်းသူမဟုတ်သောမိဘ သည် အင်ဒီးယန်းလူမျိုးစု၊ လူမျိုးစုပိုင် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ကြိုတင်နေရာချထားသော သို့မဟုတ် ထရပ်စ်လဲန်း ခေါ် ယုံကြည်မှုဖြင့် အပ်နှံထားသည့် မြေနေရာတွင် တည်ရှိသည့် အင်ဒီးယန်းပိုင် စီးပွားရေးလုပ်ငန်းများ အတွက်အလုပ်လုပ်သော ဝန်ထမ်းဖြစ်ခြင်း။
3. သင်၏ထောက်ပံ့ရေးအမိန့် နှင့်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် ကလေးစရိတ်ထောက်ပံ့ရေး ပူးပေါင်းလုပ်ငန်းစဉ် သ.မဟုတ် သဘောတူညီချက်တွင် အကျုံးဝင်နေခြင်း။
4. သင်၏ထောက်ပံ့ရေးအမိန့် နှင့်ဆိုငသော ပုဂ္ဂိုလ်တစ်ဦးဦးသည် လူမျိုးစုဆိုင်ရာ TANF သို့မဟုတ် လူမျိုးစုဆိုင်ရာ ကလေးစရိတ်ထောက်ပံ့ရေးပရိုဂရမ်မှ ဝန်ဆောင်မှုကို လက်ခံရရှိခြင်း။
5. သင်၏အမှုတွင် အခြား လူမျိုးစုဆိုင်ရာအရေးကိစ္စများ ပါဝင်ပတ်သက်မှုနေခြင်း။

**ကလေးစရိတ်ထောက်ပံ့ရေးအပေါ်တွင် အကျိုးသက်ရောက်နေသော ဥပဒေများနှင့် ပေါ်လစီများ**

ပြန်လည်ပြင်ဆင်ပြီးသော ဝါရှင်တန် ဥပဒေ (RCW) နှင့် ဝါရှင်တန် အုပ်ချုပ်ရေး ဥပဒေ (WAC) တို့တွင်ပါရှိသော အောက်ဖော်ပြပါ အခန်းများသည် DCS ကပေးနေသော ဝန်ဆောင်မှုများတွင် အကျိုးသက်ရောက်မှုရှိပါသည်။

အခန်း 26.09 RCW အခန်း 388-14A WAC
အခန်း 26.18 RCW
အခန်း 26.21A RCW
အခန်း 26.23 RCW
အခန်း 74.20 RCW
အခန်း 74.20A RCW

အကြုံးဝင်သောကာလကို ကလေးစရိတ် ထောက်ပံ့ရေးအကြွေးကိစ္စတွင် အသုံးပြုနိုင်သည်။ အကယ်၍အသုံးပြုပါက အုပ်ထိနးသူမဟုတ်သောမိဘသည် အကြုံးဝင်သောကာလကို ကလေးစရိတ် ထောက်ပံ့ရေးအကြွေး၏ အားလုံးပိုင်ဆိုင်သည့်သို့မဟုတ် တစ်စိတ်တပိုင်းကို ၄င်းတို့တွင် တာဝန်မရှိတော့ကြောင်း ခုခံလျှောက်လဲရာတွင် အသုံးပြုနိုင်ပါသည်။

**တယ်လီဖုန်း ခေါ်ဆိုမှုများ**

သင်၏အမှုအကြောင်း သတင်းအချက်အလက်များ ရယူရန် အလိုအလျောက် ဖုန်းစနစ်ဖြစ်သော "KIDS" ဖုန်းနံပါတ် ၈၀၀-၄၄၂-၅၄၃၇ သို့ ခေါ်ဆိုပါ။ ဤစနစ်ကို တတနိုင်သမျှ အသုံးပြုပါ။ သင့်တွင် "KIDS" က ဖြေရှင်းမပေးနိုင်သော အကြောင်းကိစ္စများရှိလျှင် သင့်အမှုကို ကိုင်တွယ်နေသော DCS ရုံးသို့ခေါ်ဆိုပါ။ တယ်လီဖုန်းခေါ်ဆိုခြင်းများသည် သင်၏ အမှုအတွက် အခြားကောက်ခံရေးအလုပ်များကို နှောင့်နှေးစေကြောင်း သင်သတိရစေလိုပါသည်။ ဖုန်းခေါ်သောအကြိမ်အရေအတွက်ကို လျှော့ချခြင်းအားဖြင့် သင့်အပေါ် DCS ၏ဝန်ဆောင်မှု ပိုမိုကောင်းမွန်စေပါသည်။

သင်သည် DCS သို့ဆက်သွယ်ရမည်ဆိုလျှင် အောက်တွင် ဖော်ပြထားသော တယ်လီဖန်းနံပါတ်များကို ဆက်သွယ်ပါ။ အဝေးပြောခေါ်ဆခြင်းများ အတွက်သာ တိုးဖရီး တယ်လီဖုန်းနံပါတ်များကို အသုံးပြုပါ/ TTY/TDD ဝန်ဆောင်မှုများသည် စကားပြောဆိုခြင်း သို့မဟုတ် အကြားအာရုံ အားနည်းချွတ်ယွင်းမှုများအတွက် ရနိုင်ပါသည်။

| | | | |
|---|---|---|---|
| ဆီယက်တလ်(Seattle): | (၂၀၆) ၃၄၁-၇၀၀၀ သို့မဟုတ် (၈၀၀) ၅၂၆-၈၆၅၈ | ဗန်ကူးဗား;(Vancouver): | (၃၆၀) ၆၉၆-၆၁၀၀ သို့မဟုတ် (၈၀၀) ၃၄၅-၉၉၈၄ |
| တာကိုးမာ(Tacoma): | (၂၅၃) ၅၉၇-၃၇၀၀ သို့မဟုတ် (၈၀၀) ၃၄၅-၉၉၇၆ | ဝမ်နပ်ချီ (Wenatchee): | (၅၀၉) ၈၈၆-၆၈၀၀ သို့မဟုတ် (၈၀၀) ၅၃၅-၁၁၁၃ |
| အဲဗရက်(Everett): | (၄၂၅) ၄၃၈-၄၈၀၀ သို့မဟုတ် (၈၀၀) ၇၂၉-၇၅၈၀ | ယာကီမာ (Yakima): | (၅၀၉) ၂၄၉-၆၀၀၀ သို့မဟုတ် (၈၀၀) ၄၄၁-၀၈၅၉ |
| စပိုကိန်;(Spokane): | (၅၀၉) ၃၆၃-၅၀၀၀ သို့မဟုတ် (၈၀၀) ၃၄၅-၉၉၈၂ | အိုလမ်ပီယာ (Olympia): | (၃၆၀) ၆၆၄-၆၉၀၀ သို့မဟုတ် (၈၀၀) ၃၄၅-၉၉၆၄ |
| ကန်နီဝတ်ခ်(Kennewick): | (၅၀၉) ၃၇၄-၂၀၀၀ သို့မဟုတ် (၈၀၀) ၃၄၅-၉၉၈၁ | | |

အီလက်ထရောနစ် ငွေပေးချေခြင်းနှင့် ပတ်သက်သော သတင်းအချက်အလက်များ သိလိုပါက ၈၀၀-၄၆၈-၇၄၂၂ သို့ခေါ်ဆိုပါ သို့မဟုတ် DCS ၏ဝက်ဘ်ဆိုက် www.dshs.wa.gov/dcs သို့သွားကြည့်ပါ။ သင့်အမှု၏ပေးငွေများ မှတ်တမ်းကို အွန်လိုင်းကြည့်ရှုရန် သင်သည် https://securesecure.wa.gov တွင် မှတ်ပုံတင်နိုင်ပါသည်။

လူမျိုး၊ အသားရောင်၊ မူလနိုင်ငံသား၊ ယုံကြည်မှု၊ ကိုးကွယ်သည့်ဘာသာ၊ လိင်၊ အသက်အရွယ်၊ သို့မဟုတ် မသန်စွမ်းမှုတို့ကြောင့် အလုပ်၊ ဝန်ဆောင်မှုများ သို့မဟုတ် ပရိုဂရမ်၏ မည်သည့် လုပ်ဆောင်မှုတို့တွင် မည်သူကိုမျှ ခွဲခြားဆက်ဆံခံရခြင်း မရှိစေရ။ တောင်းဆိုပါက ဤပုံစံကို အခြားသော အသွင်ပုံစံများဖြင့်လည်း ရနိုင်ပါသည်။